ရာပြည့်အကြို ဂါရဝပြု ဆောင်းပါး

# သပြေညို ရွှေဘိုပန်းတွေနဲ့



**( ဆရာကြီး မင်းသုဝဏ်သို့ အမှတ်တရ )**

( ၁ )

**သူ့ ခေါင်းမှာတဲ့ သပြေညို**
**ငါ့ ခေါင်းမှာတဲ့ သပြေညို**
**ဒို့ပြေ မှာ ဒို့မေ ကမ်းပါတဲ့**
**သပြေညို ရွှေ ဘိုပန်းရယ်က**
**လန်းလျက်ပါ ကို ...**

**ဝင်းတင့်ထွန်း**

၆–၁၂ – ၂၀၀၈

ငယ်ငယ်ကတည်းက ရင်ထဲ၊ အသဲထဲ နက်နက် ရှိုင်းရှိုင်း စွဲမြဲခဲ့ရရုံမက၊ နှုတ်ထက်ကပါ တစာစာနဲ့ မကြာခဏ ရွတ်ဆို စွဲလန်းခဲ့ရတဲ့ ကဗျာဟာ ဆရာကြီးမင်းသုဝဏ်ရဲ့ ဒီ 'သပြေ ညို'ပါ ။ မစွဲလန်းပဲ နေနိုင်ပါ့မလား၊ ဆရာ့ရဲ့ သပြေညိုကို ကျနော် စပြီးတွေ့လိုက်ရတဲ့ နေရာကလဲ တိုက်တိုက် ဆိုင်ဆိုင် ကျနော်တို့ရဲ့ 'ပြည်ရွှေဘို'မှာပဲ မဟုတ်လား။ ရွှေဘို အ–ထ–က (၁)မှာ ကျနော့်ရဲ့ အလယ်တန်း

ကျောင်းသား ဘဝ ခပ်ငယ်ငယ်မှာပဲ၊ ဆရာ့ရဲ့ သပြေညို နဲ့ ဆုံဆည်းခွင့် ရခဲ့ပါတယ်။ ကျောင်းသုံး ကဗျာ လက်ရွေးစင် စာအုပ်ထဲမှာပါခဲ့တဲ့ ဒီကဗျာဟာ ကျနော့်ရဲ့ ငယ်ဘဝမှာ ကျောင်းက မြန်မာစာ ဆရာက 'အလွတ်ကျက်ရမယ်၊ အလွတ်ပြန်ဆိုပြရမယ်' လို့ မခိုင်းခင် မသင်သေးခင်ကတည်းက ကြိုက်လွန်း သဘောကျလွန်းလို့ စောစောစီးစီး အလွတ်ကျက်မှတ် အာဂုံဆောင်နိုင်ပြီးသား ကဗျာတပုဒ်လဲ ဖြစ်နေခဲ့ရပါတယ်။ ရင်ထဲမှာ စောစောစီးစီး စွဲစွဲလန်းလန်း စီးဆင်းဝင်ရောက်နေတဲ့ ကဗျာတပုဒ်လဲ ဖြစ်နေခဲ့ရပါတယ်။ 'သပြေ' ဆိုတာ ကျနော်တို့ ဗမာလူမျိုးတွေရဲ့ 'အောင်ပန်း' လဲပဲ မဟုတ်လား။ သပြေမှာ သပြေဖြူ၊ သပြေနီ ဆိုတာတွေလဲ ရှိနေတဲ့ အထဲမှာမှ ဆရာ့ရဲ့ သပြေကတော့ သပြေညို – တဲ့။ ပြီးတော့– ဒီသပြေညိုကိုပဲ 'သပြေညို ရွှေဘိုပန်း' လို့ ထပ်ဆင့်ပြီး ဖွဲ့လိုက်ပြန်တော ကျနော်တို့မှာ ရင်ထဲကို တလန်းလန်းဖြစ်ပြီး စူးဝင်ငြိတွယ်နေခဲ့ရပါတော့တယ်။ တကယ်က ကျနော့်ဘဝမှာ 'သပြေညို' နဲ့ မတွေ့ခင်ကတည်းက 'သပြေသီး' နဲ့ စတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

'ဝါဆို ဝါခေါင်ရေတွေကြီးလို့– သပြေသီးမှည့် ကောက်စို့ကွယ် …' ဆိုတဲ့ 'သပြေသီး ကောက်' ထဲက သပြေသီးနဲ့ စပြီးတွေ့ခဲ့ရတာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်ကလဲ တောသား၊ သပြေပင်ကြီး အောက်မှာ တကယ်ကို အုံးလက်နွားလေးနဲ့လဲ ကစားနေတဲ့အချိန် ဖြစ်တာကြောင့်၊ ရွတ်ရ ဆိုရ တာကိုကလဲ လှလှပပနဲ့ အသက်ပါပါ ဖြစ်နေခဲ့ရပါတယ်။ 'ခရားဆူးခြုံ' ဆိုတာကို အဲဒီတုန်းက ကောင်းကောင်းမသိ ပေမဲ့၊ မိုးနံ့ဆူးခြုံ တွေကို သိနေပြီး၊ တောသားဆိုတော့ အဲဒီထဲက မျှော့နက်မဲကြီး တွယ်တတ်တာကိုလဲ ကောင်းကောင်း နားလည်ခံစား နိုင်နေခဲ့ပါတယ်။ 'မျှော့နက် ဆိုတာ ဂျို နဲ့လားကွဲ့… မြွေနဂါးတောင် ကြောက်ဘူးကွယ်' ဆိုတာကတော့၊ တော်တော်ကို မာန်ပါလှပြီး၊ အလိုလိုကို သတ္တိသွေးတွေ ကြွနေခဲ့မိပါတယ်။ 'ဒို့လဲ ကြောက်ပေါင် အတူသွားစို့… အုံးလက် နွား လေးထားခဲ့မယ်' ဆိုတာကျတော့ ပိုင်းပိုင်းဖြတ်ဖြတ်နဲ့ကို ပိုပိုပြီး အားရစရာ အားတက်စရာ ဖြစ်နေခဲ့ပါတယ်။

အဲသလိုပါပဲ၊ 'ဆွမ်းအုပ်နီနီ အမေရွက်လို့…နက်ဖန်မနက် ကျောင်းတက်မယ်' ကလဲ အဓိပ္ပါယ် သိသိရွတ်ဆိုလို့ ကောင်းလွန်းလှတာ ဖြစ်နေပြီး၊ ခရေပန်းတွေ သွားကောက်ကြဖို့ အိပ်ယာက နှိုးလိုက်တဲ့ 'မောင်လေးရေ ထပါတော့ – ရောင်နီလာလှပေါ့ 'ကလဲ လန်းလန်းဆန်းဆန်း အော်အော် ရွတ်စရာ ဖြစ်နေခဲ့ပါတယ်။ အကြိမ်ကြိမ်လဲ အော်အော် ရွတ်နေခဲ့ဖူးပါတယ်။ 'မိုးရေ တက်ရေ တဖွေးဖွေး…ကွင်းကျယ်အဝေးဝေး…'ထဲက ခြေတံရှည်လယ်စောင့်တဲလေး ဟာလဲ ကျ နော့်ရဲ့ လက်တွေ့ မျက်မြင်ဘဝတွေနဲ့ အဟပ်မိမိ လှပနေသလို၊ လယ်တဲဘေးက ကြာနီတပွင့် ကြာဖြူတပွင့်ကလဲ ချစ်စရာကောင်းနေပြီး၊ အသံကလဲ ပဲ့တင်ဆိုစရာ ဖြစ်နေခဲ့ပါတယ်။ 'မြက်ခင်း လဲ့လဲ့ မြေညီညီ … ကွံကော်ဝတ်မှုံ စီ …ဇာလီပျော်တဲ့ ကျောင်းသခ်မ်း …လူလေး သွားချင်စမ်း …' ဆိုတာကို ရွတ်ဆိုရတာကလဲ တကယ်ကို ကြည်နူးစရာ ကောင်းနေသလို၊ လူကြီးသူမတွေ ပြောပြော

နေလို့ ကျနော်နဲ့ ရင်းနှီးနေပြီးသား နားလည်နေပြီးသားဖြစ်တဲ့ ဂဏှာ – ဇာလီတို့ရဲ့ ကျောင်းသင်္ခမ်းလေးကိုပါ စိတ်ထဲမှာ လှမ်းလှမ်းပြီး မြင်ယောင်နေမိရင်း အင်မတန် ဆိုလို့ကောင်းနေ ခဲ့မိ ပါတယ်၊ အကြိမ်ကြိမ် အထပ်ထပ်လဲ ရွတ်ဆို နေမိခဲ့ဖူးပါတယ်။ အခုချိန်အထိ ရင်ထဲလဲ စွဲနေတုန်းဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီအခါ ကလေးတုန်းကတော့ အဲဒီ ကလေးကဗျာလေးတွေကို ချစ်စရာလဲကောင်း၊ လှလဲလှ၊ အသံကလဲ သာလွန်းလို့သာ ရွတ်နေဆိုနေ ရင်းနှီးနေခဲ့ပြီး ရင်ထဲအထိ ကျနော် စွဲနေဝင်နေခဲ့မိတာ ဖြစ်ပေမဲ့၊ ဒီချစ်စရာ့ ကလေးကဗျာလေးတွေရဲ့ ဖန်တီးရှင် ကဗျာဆရာကြီးဟာ 'ဆရာမင်းသုဝဏ်' ဆိုတာတောင်၊ ကဗျာနဲ့ ကဗျာဆရာကို တွဲပြီးယှဉ်ပြီး မှတ်သားထားရကောင်းမှန်း မသိသေးတဲ့အရွယ် ဖြစ်နေခဲ့ပါတယ်။ ဒါ့ကြောင့် သပြေညိုနဲ့ တွေ့လိုက်ရတဲ့ အချိန်ကျမှပဲ၊ မှတ်မှတ်သားသား ပထမဆုံးအကြိမ်အဖြစ် ဆရာမင်းသုဝဏ် ဆိုတာကိုပါ ကျနော် တွေ့လိုက်ရသလို ခံစားလိုက်ရပါတယ်။ သပြေညို နဲ့အတူ ဆရာမင်းသုဝဏ်ကိုပါ ကျနော် တွေ့သိ သွားခဲ့ရပါတယ်။ ဒါ့ကြောင့် သပြေညို ဟာ ဆရာမင်းသုဝဏ်ကိုပါ မှတ်မှတ်ထင်ထင် စသိစေခဲ့တဲ့ ကျနော့်ရဲ့ အနှစ်သက်ဆုံးကဗျာ...လို့–ဆိုလိုက်တာပါ ။

ကျနော်ကိုယ်တိုင် ကဗျာတွေကို မြတ်နိုးပြီး၊ ကဗျာလေးတွေကို ကြိုးစားပန်းစား ဖွဲ့ဆိုသီကုံးဖို့ အားထုတ်လာတဲ့အချိန်မှာတော့၊ 'ငါ – ဘာလို့ကဗျာကို မြတ်နိုးတတ်လာတာလဲ ' 'ကဗျာက ငါ့ကို ဖမ်းစားသိမ်းကျုံး ဆွဲငင်ခဲ့တဲ့ ပထမဆုံးအရာဟာ ဘာလဲ' ဆိုတဲ့ မေးခွန်းလေးတွေ ကိုယ့်ကိုကိုယ် မကြာခဏ ပြန်ပြန် မေးကြည့်ခဲ့ဖူးပါတယ်။ အကြိမ်ပေါင်းများစွာလဲ ထပ်ဖန်တလဲလဲ ကိုယ့်ဟာကိုယ် စဉ်းစား တွေးတော ကြည့်နေခဲ့ဖူးပါတယ်။

မြတ်နိုးတတ်လာတာကတော့ နှစ်သက်စရာကို နှစ်သက်စရာရယ်လို့မြင်ပြီး၊ နှစ်သက် နိုင်စွမ်းရှိတဲ့ အသဲနှလုံးလဲ ရှိတာကြောင့် အထပ်ထပ် အဖန်ဖန် နှစ်သက်မိရာက မြတ်နိုးတတ် လာတာလို့ပဲ အဖြေထွက်ခဲ့ပါတယ်။ ဒီနေရာမှာ 'နှစ်သက်စရာ'ဆိုတာမှာ ထင်ကြမြင်ကြ ယူဆကြမှာတွေကတော့၊ တဦးနဲ့တဦး တူကြလိမ့်မယ် မဟုတ်ပါ။ အမြင်ရော၊ ခံယူမှုရော၊ ခံစားမှုပါ ကွာခြားကွဲလွဲနိုင်ပါတယ်။ တယောက်ရဲ့ နှစ်သက်စရာဟာ တခြားတယောက်အတွက် နှစ်သက်စရာ ဟုတ်ချင်မှလဲ ဟုတ်ပါလိမ့်မယ်။ နှစ်သက်စရာအပေါ် နှစ်သက်စရာအဖြစ် သဘောကိုက်ညီ အမြင်တူကြရင် တောင်မှ၊ ဒီဂရီ အနိမ့်အမြင့်ကတော့ ကွာခြားကြဦးမှာ ဖြစ်ပါတယ်။ ကျနော့်ရဲ့ တဦးချင်း ဆိုင်ရာ လက်တွေ့ အရကတော့၊ ကဗျာကနေ ကျနော့်ကို ဖမ်းစား သိမ်းကျုံးဆွဲငင်ခဲ့တဲ့ ပထမဆုံးအရာဟာ 'အသံ'လို့ပဲ တွေ့လိုက်ရပါတယ်။ တခြားသူ တပါးသူတွေနဲ့တော့ တူချင်မှလဲ တူပါလိမ့်မယ်။ ကဗျာရဲ့ အလှကို ရေရေ ရာရာ မခွဲခြားတတ်ခင်၊ မကြည့်တတ် မမြင်တတ်ခင် ကတည်းက ကဗျာထဲက သံစဉ်နိမ့်မြင့် အသံဟာ ကျနော့်စိတ်နှလုံးကို နှစ်သက်လာအောင် ဆွဲ

ဆောင်နိုင်စွမ်း ရှိခဲ့ပါတယ်။ ကဗျာထဲက အသံတွေကို ကျနော် သဘောကျ တတ်လာခဲ့ပါတယ်။ ဒါကြောင့် ကဗျာဆိုတာ ဘာလဲလို့တောင် ကွဲကွဲပြားပြား မသိခင်ကတည်းက ကဗျာထဲက အသံကို နားစွဲရာ နှစ်သက် တတ်ရာကနေ၊ ကဗျာလေးတွေကို အော်အော် ဆိုတတ်နေပြီး ဖြစ်ခဲ့ပါတယ်။ ကိုယ်ရွတ်နေ ဆိုနေမိတာဟာ ကဗျာတွေပါလား–လို့တောင် မသိခင်ကတည်းက ချစ်စရာ ကလေး ကဗျာ လေးတချို့ကို အလွတ်ဆိုတတ် နေခဲ့ပြီးဖြစ်ပါတယ်။ ကျနော့် တဦးချင်းအတွက် ကျနော့်ဟာ ကျနော် ပြန်တွေ့ရချက်ကတော့၊ အဲဒီလို သားချော့တေး ကဗျာလေးတွေ၊ ကလေးကဗျာ လေးတွေထဲက အသံသာသာလေးတွေကို နှစ်သက်တတ် နားစွဲတတ်၊ ချစ်တတ်လာရာကနေ၊ ကဗျာကို ချစ်တတ်၊ မြတ်နိုး တတ်လာခဲ့တာပါ။ ကဗျာထဲက အဓိပ္ပါယ် အနက်သဘော တချို့ကို ရှင်းရှင်း လင်းလင်း မသိ တတ်နိုင်ခင်ကတည်းက အသံကြောင့် စွဲလန်းနှစ်သက်ခဲ့ရတဲ့ ကဗျာလေးတွေ အများကြီး ရှိခဲ့ပါတယ်။ကဗျာထဲက အသံက အဲသလောက် ကျနော့်အပေါ် ဆွဲဆောင်နိုင်အား ကြီးခဲ့ပါတယ်။ အလင်္ကာတွေ၊ နိမိတ်ပုံတွေ၊ သင်္ကေတတွေ ဆိုတာကို နားမလည်ခင်ကတည်းက ကဗျာထဲက 'အသံ'ကနေ၊ ကျနော့်ကို ကဗျာချစ်တတ်သူ တယောက်ဖြစ်အောင် ညှို့ယူ ခေါ်ငင် သွားခဲ့ပါတယ်။ ရွတ်လို့ ဆိုလို့ ကောင်းတဲ့ အသံသာသာ ကလေးကဗျာလေးတွေကို ကျနော် စွဲလန်း နှစ်သက် တတ်လာခဲ့ပါတယ်။ အသံသာရုံ သာမက ကဗျာထဲက အကြောင်းအရာတွေ၊ ကဗျာထဲပါ ပစ္စည်းတွေကလဲ ကျနော်နဲ့ရင်းနှီးနေတဲ့၊ ကျနော်ကိုယ်တိုင် သိမြင်နားလည်နိုင်စွမ်း ဖြစ်နေတဲ့ အရာကိစ္စတွေလဲ ဖြစ်နေပြန်တယ်ဆိုရင်တော့ ကျနော့်မှာ ပိုလို့တောင် ချစ်ခင်စွဲလန်းစရာ ဖြစ်ခဲ့ရပါတော့တယ်။ ဒ့ါကြောင့် ကျနော့်ရဲ့ ငယ်ဘဝမှာ ကျနော်ကိုယ်တိုင် မသိလိုက်ရပါပဲနဲ့ ကျနော့် နှလုံးသားထဲအထိ ရောက်ရှိလာခဲ့ရတဲ့ ကဗျာတွေဟာ ဆရာမင်းသုဝဏ်ရဲ့ ကလေးကဗျာလေးတွေပဲ အများဆုံး ဖြစ်လာခဲ့ရပါတော့တယ်။ ' လူကလေးရဲ့ ချော့စရာ–မိတ္တီလာ ကန်တော်အောက်က ဖားကောက်ခဲ့ပါ' လို ' လူကလေးရယ်– ငို … ခိုဖမ်းလို့ပေး 'လို သမားရိုးကျ ရှေးဟောင်း သားချော့ တေးကဗျာလေးတွေပြီးရင်၊ ကျနော် အများဆုံး ဆိုခဲ့၊ ရွတ်ခဲ့ စွဲလန်းခဲ့ရတဲ့ ကလေး ကဗျာလေးတွေဟာ ဆရာမင်းသုဝဏ်ရဲ့ ကလေးကဗျာ လေးတွေချည်းလိုလို ဖြစ်နေခဲ့ ရပါတော့တယ်။ (အဲဒီတုန်းကတော့ အဲဒီကဗျာလေးတွေကို နှစ်နှစ်ကာကာ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးသာ ဖြစ်နေခဲ့တာ။ အဲဒီကဗျာလေးတွေရဲ့ လက်ရာရှင် ဖန်တီးရှင်ဟာ၊ ဆရာမင်းသုဝဏ် ဆိုတာတောင် မသိခဲ့မိဖူးပါဘူး။) သေသေချာချာ ပြန်စဉ်းစား ကြည့်တော့၊ အဲဒီတုန်းက ကျနော်တို့ ငယ်စဉ်တုန်းက ရှိနေခဲ့တာကလဲ ဘိုးစဉ်ဘောင်ဆက် သမားရိုးကျ သားချော့ တေးကဗျာလေးတွေ နည်းနည်းပါးပါးပြီးရင်၊ ဆရာမင်းသုဝဏ်ရဲ့ ကလေးကဗျာလေး တွေပဲ ရှိနေခဲ့တာ မဟုတ်လား။ ကျနော်တို့ အတွက်၊ ကလေးငယ်လေးတွေအတွက် တခုတ်တရ အလေးထားပြီး ကဗျာလေးတွေ ဖွဲ့သီပေးရှာတဲ့

ကဗျာဆရာစစ်စစ် စာဆိုစစ်စစ်ဆိုတာကလဲ ဆရာမင်းသုဝဏ် တယောက်လောက်ပဲ ရှိသေးတယ်လို့ ပြောရမယ့်အချိန်ကာလ မဟုတ်လား။ အဲဒီကာလ ဝန်းကျင်က ဒေါက်တာမောင်ဖြူးရဲ့ ကလေးကဗျာလေးတွေလဲ ထိုက်သင့်သလောက် ရှိနေပြီလို့ ပြောမယ်ဆို ပြောနိုင်ပေမဲ့၊ ကျနော့် နှလုံးသားကို လာငြိတာကတော့၊ ဆရာ မင်းသုဝဏ်ရဲ့ ကလေးကဗျာ တွေချည်းလိုလို ဖြစ်နေခဲ့ပါ တယ်။ ဘာလို့လဲ။

ကျနော့်နားက အသံသာသာကို နှစ်သက်တတ်လွန်းနေရုံမက၊ ကျနော့်နှလုံးသားက အနုပညာဆန်ဆန်နဲ့ အမျိုးသားရနံ့ ရိုးရာအငွေ့အသက် ထုံရီနေတာကို ပိုမိုစွဲလန်း လက်ခံနေတဲ့ သဘောကြောင့်လို့ ယူဆမိပါတယ်။ (ဒါကလဲ အခုချိန်ကျမှ ပြန်လည်တွေးတော စဉ်းစား မှတ်ထင် ထား မိချက်ဖြစ်ပါတယ်။ ငယ်ငယ်တုန်းကတော့ ကိုယ့်နား ကိုယ့်ဟဒယနဲ့ ကိုက်ညီသွား တဲ့အတွက် ကိုယ်ကြိုက်ချင်လို့ ကြိုက်နေခဲ့တာပဲ ဖြစ်ပါတယ်။) အဲဒီတော့ ကျနော့် ကိုယ် ကျနော် ပြန်ကြည့်လိုက် တဲ့အခါ၊ ကျနော်ဟာ ကလေးဘဝကတည်းက ကလေးကဗျာလေးတွေကို ချစ်တတ်လာသူ ဖြစ်ခဲ့တယ်။ အဲဒီလို ကလေးကဗျာလေးတွေကို နှစ်သက်တတ် လာမိပုံကတော့၊ အဲဒီ ကဗျာလေးတွေ ထဲက ရွတ်လို့ ဆိုလို့ကောင်းလွန်းလှတဲ့ ‘အသံ’ ကနေ ကျနော့်ကို စတင် ခေါ်ငင် ဆွဲဆောင် သွားခဲ့ တာဖြစ်တယ်။ ကျနော့်ရဲ့ဘဝ ကျနော့်ရဲ့အရွယ် ကျနော့်ရဲ့ သိမြင်ထားချက်တွေနဲ့ လိုက်လျောညီထွေ နားလည်နိုင် ခံစားနိုင်တဲ့ အကြောင်းအရာလေးတွေလဲ ဖြစ်နေပြန်တယ် ဆိုရင်တော့၊ အသံကို သဘောကျရာကနေ၊ အကြောင်းအရာပါ ခံစားရမိသွားပြီး၊ နှစ်သက်စွဲလန်းမိတဲ့ အဆင့်အထိ တဆက်တည်း ရောက်ရှိသွားမိတော့ တာပါပဲ။ အားလုံး သိကြတဲ့အတိုင်းပါပဲ ၊ ဆရာ မင်းသုဝဏ်ရဲ့ ကဗျာတွေဟာ ‘အသံ’ သာပါတယ်။ အထူးသဖြင့် ကလေးကဗျာ လေးတွေဆိုရင်– အသံက အင်မ တန်ကို သာပါတယ်။ ဗမာလျှာ ဗမာလေနဲ့ဆိုရင် ဆိုရ ရွတ်ရတာ တော်တော်ကို စီးစီးပိုင်ပိုင် ငြိမ့်ငြိမ့် ညောင်းညောင်းနဲ့ ကြည်ကြည်လင်လင် ရှိလှပါတယ်။ အကြောင်းအရာကလဲ ထူးထူးထွေထွေ ဆန်း ဆန်းပြားပြားကြီးတွေမဟုတ်ပဲ၊ အများသူငါနဲ့ နီးစပ်တဲ့၊ ကိုယ့်ပတ်ဝန်းကျင်မှာတင် ရှိနေတဲ့ မြင်ကွင်း တွေအဖြစ် အပျက်တွေ၊ အရာကိစ္စတွေပဲ မဟုတ်လား။ ပြီးတော့ –အဲဒီအရာ ကိစ္စတွေ ကိုယ်နှိုက် ကလဲ ကိုယ့်တိုင်း ကိုယ့်ပြည်က ချစ်စရာ့ ရေမြေတောတောင် သဘာဝအလှတွေ၊ ရိုးရာယဉ် ကျေးမှု ဓလေ့စရိုက်တွေ၊ လက်ခံ စွဲလန်းထားကြပြီးသား နားလည် သိမြင်ထားချက်တွေနဲ့ပါ အဟပ် မိမိ တည်ပြီး ရှိပြီး မြင်သာပြီးသားတွေ ချည်းလဲပဲ မဟုတ်လား။ တနည်းအားဖြင့် ပြောရရင် အမျိုး သားယဉ်ကျေးမှု၊ အမျိုးသားအငွေ့အသက်၊ အမျိုးသားရနံ့တွေ ရစ်ဖေါက်ယှက်သီ လှပ ထုံလွှမ်း နေတဲ့ အရာတွေချည်းလဲပဲ ဖြစ်နေပြန်တယ် မဟုတ်လား။ ကြည့်စမ်းပါ – ပန်းတွေထဲက ဆိုရင်– သပြေ၊ ခရေ၊ စပယ်၊ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကံ့ကော်၊ ပိတောက်၊ သရဖီ ...။ မြင်ကွင်း

ရုပ်ပုံလွှာတွေထဲက ဆိုရင်– လယ်စောင့်တဲ၊ မြက်ခင်း၊ နဒီတွင်း၊ ကျောင်းသင်္ခမ်း၊ ကွင်းကျယ်၊ ရေဖွေးဖွေး၊ ခရေတန်း၊ ရောင်နီ …။ ဖွဲ့ထားပုံ လေးတွေကျတော့လဲ–‘ မြက်ခင်းလဲ့လဲ့ မြေညီညီ – ကံ့ကော်ဝတ်မှုံ စီ’ ၊‘ ဒိုးယိုစီးတဲ့ နဒီတွင်း–သမင်ရေသောက်ဆင်း’၊ ‘တောင်ဆီနားက ခရေတန်း– ပင်အောက် ကြိုင်လို့လန်း’၊‘ ကြာနီတပွင့် ဖြူတပွင့်–တဲနဲ့ပနံတင့် …’ တဲ့။ ဘယ့်လောက် လှလိုက်ပါသလဲ။ မျက်စေ့ထဲမှာ နားထဲမှာ ကြားယောင် မြင်ယောင် ဖြစ်လာရုံမကရင်ထဲ နှလုံးထဲအထိ စီးဝင်လာတာတွေ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ဆရာ့ရဲ့ ကဗျာတွေဟာ ဆရာ့ရဲ့လက်ရာတွေမှန်း ကွဲကွဲပြားပြား မမှတ်သားတတ်ခင်၊ မသိတတ် သေးခင်ကတည်းက နှုတ်ဖျား ရောက်နေပြီးသား၊ ရင်ထဲပေါက်နေပြီးသားတွေ ဖြစ်နေခဲ့ရပါတယ်၊ပြောရရင် ဆရာမင်းသုဝဏ်ရဲ့ ကဗျာသြဇာဟာ ကျနော့်အပေါ် နှစ်နှစ်သက်သက် စူးရောက် နေခဲ့ပါတယ်။ တနည်းအားဖြင့် ဆရာမင်းသုဝဏ်ရဲ့ ကဗျာ့ကျေးဇူးဟာ ကျနော်တို့အပေါ် နက်နက်ရှိုင်းရှိုင်း တင်ရှိနေခဲ့ပါတယ်။ ဆရာ့ကျေးဇူး အင်မတန်ကြီးမားခဲ့ပါတယ်။

ကဗျာကို ချစ်တတ် မြတ်နိုး တတ်လာရာကနေ၊ ကိုယ်ကိုယ်တိုင် ကဗျာရေးချင် ကဗျာဖွဲ့ ချင်လာတဲ့အချိန် ရောက်တော့လဲ ဆရာမင်းသုဝဏ်ရဲ့ သြဇာ၊ ဆရာမင်းသုဝဏ်ရဲ့ အဆိုအမိန့်၊ သွန်သင်လမ်းပြမှုတွေဟာ ကျနော့်အပေါ် အရှိန်ရှိရှိ ဆက်လက် ဖြစ်တည်လာခဲ့ပြန်ပါတယ်။ ‘ကဗျာစပ်ချင်စာစပ်သင်’ နဲ့ ‘စု တု ပြု’ ဟာ ကျနော့် တဦးချင်းအတွက်ကတော့၊ အင်မတန်မှကို အရေးပါတဲ့ စံထား နည်းယူဖွယ်ရာတွေ ဖြစ်ခဲ့ရပါတယ်။ အဲဒီ လမ်းကြောင်းပေါ်ကနေ ကဗျာသမား၊ စာသမား တယောက်ရဲ့ ဘဝကို ကျနော် နှစ်နှစ်သက်သက် စတင် ဖြတ်သန်းလာခဲ့မိပါတယ်။ လူတချို့ အဖို့ကတော့ အဲဒီ လမ်းကြောင်းကြီးဟာ သမားရိုးကျ ဆန်လွန်းတယ်၊ ဟောင်းနွမ်းလွန်းလှတယ် လို့လဲ ပြောကြ ဆိုကြ ယူဆချင် ယူဆကြပါလိမ့်မယ်။ တဦးနဲ့တဦး ဘယ်လိုမှ ထပ်တူဖြစ်နိုင်ကြဖွယ် မရှိပေမဲ့၊ ကျနော် ဖြတ်သန်းလာခဲ့မိတာကတော့ အဲဒီလမ်းကြောင်းကြီးအတိုင်းပဲ ဖြစ်ခဲ့ပါတယ်။ ဆရာမင်းသုဝဏ်ရဲ့ ‘စု တု ပြု’ ဟာ ကျနော့်အတွက်ကတော့ အင်မတန်မှ တန်ဖိုးရှိလှပါတယ်၊ ကျနော် လက်ရှိ ရောက်နေရရာ နေရာမှာ အလွယ်တကူ ပြန်လည်ရှာ ဖွေကြည့် ရှုနိုင်ခြင်း မရှိတဲ့ အတွက်၊ တိတိကျကျ ပြန်လည် ကိုးကား မပြနိုင်ပေမဲ့၊ (ကျနော့် စိတ်ထင် – ‘ပန်းနှင့်ပင်စည်’ ထဲမှာပဲ ထင်ပါရဲ့ …) ရွက်ဝါလေးတွေ တဝဲလည်လည် ကြွေကျလာနေပုံကို ခြယ်သ ဖွဲ့ဆိုပြကြရာမှာ – ရှင်ဥတ္တမကျော် ရဲ့ တောလားထဲက ‘ ဈာန် ဝိတက် သို့၊ သစ်ရွက်ရော်ရီ ၊ ဣန္ဒြနီ …’ ကနေ၊ ဆရာမင်းသုဝဏ်ရဲ့ ‘ရွှေကြောင်ဖား မြီးဖျားလိုက်သို့ – မြိုင်တိုက်စုံယံ … ’ဖြစ်လာပုံ ရှင်းပြမှု ဟာ အခုချိန်အထိ မကြာခဏ သတိရစရာ ဖြစ်နေခဲ့ပါတယ်။ ဆရာ့ ကျေးဇူး ကြီးလှပါတယ်။

( ၂ )

ငယ်ငယ်ကတည်းက ဆရာမင်းသုဝဏ်ရဲ့ ကလေးကဗျာလေးတွေကို အင်မတန် နှစ်သက်ခဲ့ပြီး၊ ဆရာမင်းသုဝဏ်ရဲ့ ကဗျာ့ဩဇာ သက်ရောက်မှုကိုလိုလို လားလား လက်ခံခဲ့မိပေမဲ့၊ အညာဒေသက တောသားလေး တယောက်သာ ဖြစ်တဲ့ ကျနော်ဟာ၊ ဆရာမင်းသုဝဏ်ရဲ့ တပည့်လက်သားအဖြစ်၊ စာသင်သားလေး တယောက် အဖြစ်တောင် ဖြစ်ခွင့် မရခဲ့ပါဘူး။ ဆရာ့တပည့် မဖြစ်ခဲ့ရဖူးပါဘူး။ သင်ဆရာအဖြစ် မရောက်ခဲ့ရပေမဲ့ ကြားဆရာ မြင်ဆရာဖြစ်ခဲ့ရတာ လောက်ကိုက ကျေးဇူးကြီးလှတယ်–လို့ သဘောပိုက်မိ မှတ်ယူမိပါတယ်။ အဝေးကနေပဲ ဆရာ့ကို လေးစား နေမိပါတယ်။ ကြုံခွင့် ဆုံခွင့်များ ရမယ်ဆိုရင်တော့၊ ကြုံဖူး ဆုံဖူးလိုက်ချင်တဲ့ ဆန္ဒလဲ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း တည်ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ ရန်ကုန်ကို ကျနော်ရောက်လာပြီး နောက်ပိုင်းမှာ တောင်၊ တော်တော်နဲ့ဆုံခွင့် ကြုံခွင့် မရခဲ့ပါဘူး။ ကျနော် ရန်ကုန်ကို ရောက်လာပြီး၊ စာပေထုတ်ဝေရေး တိုက်ကြီးတခုမှာ ပထမဆုံး နေထိုင်ခွင့် ရခဲ့တဲ့အတွက်၊ စာရေးဆရာ ကဗျာဆရာတွေ တောတော်များများနဲ့ အကြောင်းအမျိုးမျိုးနဲ့ တွေ့ခွင့် ဆုံခွင့် သိကျွမ်းခွင့်တွေ ရခဲ့ပေမဲ့၊ ဆရာမင်း သုဝဏ်နဲ့ တော့ ကြုံ ခွင့် မပေါ်ခဲ့ပါဘူး။

ကြုံ မယ့်ကြုံ တော့– အဲဒီစာပေတိုက်ကြီးကနေ ခွါလာခဲ့ပြီး ကိုယ့်ဟာကိုယ် တကိုယ်တော် နေထိုင်ရင်း နှစ်ပေါင်း တော်တော်ကြာတဲ့ အချိန်၊ ၁၉၈၀ ပြည့်နှစ်ထဲ ရောက်တော့မှပဲ စီစဉ်ထားခြင်း မရှိပဲ အမှတ်မထင် စတင် ဆုံဆည်းခဲ့ရပါတော့တယ်။ ကျနော် ဘယ်လိုမှ မျှော်လင့် မထားတဲ့ အချိန်မှာ၊ ဘယ်လိုမှ မျှော်လင့်မထားမိတဲ့ သူကပဲ ကျနော့်ကို ခေါ်သွားခဲ့တာ ဖြစ်နေပါတယ်။ ကျနော့်ကို ခေါ်သွားခဲ့တဲ့ သူဟာ ဆရာတက္ကသိုလ် မင်းမော်ပါ ။ အမှန်အတိုင်းပြောရရင်– အဲဒီတုန်းက ကျနော့် စိတ်ထဲမှာ ဆရာတက္ကသိုလ် မင်းမော်နဲ့ သိပ်ပြီး ရင်းရင်းနှီးနှီး မရှိလှပါဘူး။ ဆရာဂျမ်း၊ ဆရာစွမ်း၊ ဆရာကြူး (မင်းလှညွန့်ကြူး) တို့လောက်လဲ ဆက်ဆံရေး များများစားစားမရှိ ခဲ့ပါဘူး၊ အဲဒီတုန်းက တက္ကသိုလ်ရိပ်သာလမ်း ပုဂံလမ်းက အိမ်တန်းလျားရှည်ကြီး တခုတည်းမှာ ဆရာကြူး၊ ဆရာဂျမ်း နဲ့ ဆရာမင်းမော်တို့ဟာ အခန်းကပ် အတူနေတွေ ဖြစ်ခဲ့ကြပါတယ်။ ဆရာ ဂျမ်း၊ ဆရာကြူးတို့ဆီ မကြာခဏရောက်တတ်တဲ့ ကျနော့်အပေါ် မျက်မှန်းတန်းမိလာရာက ဆရာမင်းမော်ကလဲ ကျနော့်အပေါ် နွေးနွေးထွေးထွေး ပျူပျူငှါငှါ ဆက်ဆံရှာပါတယ်။ တခါတရံ ဆရာကြူး၊ ဆရာဂျမ်းတို့ မရှိတဲ့ အခါမျိုးဆိုရင် ဆရာမင်းမော်ကပဲ ကျနော့်ကို ဧည့်ဝတ်ပျူငှါ သဘောနဲ့ 'ထိုင်ဦးလေ–'ဆိုပြီး ကောင်းကောင်းမွန်မွန် ဖိတ်မန္တကပြုတတ်တာမျိုးတွေ ရှိခဲ့ပါတယ်၊၁၉၈၀ ပြည့်နှစ် ဩဂုတ်လထဲမှာ ကျနော့်ရဲ့ပထမဆုံး လုံးချင်းကဗျာရှည်စာအုပ်လေး 'နိုးနေသော

လင်္ကာသည်’ ထွက်လာတော့၊ တရားဝင် စတင်မဖြန့်ချိခင်မှာပဲ ဒီကဗျာစာအုပ်လေး အတွက် အမှာစာ ရေးပေးခဲ့ကြတဲ့ ဆရာဂျမ်းနဲ့ ဆရာကြူးထံ ကဗျာစာအုပ် လက်ဆောင် ဦးဦးဖျားဖျား သွားပေးရင်း၊ ဆရာဂျမ်းတို့နဲ့ တဝင်းထဲနေ ဆရာမင်းမော်ကိုလဲ မှတ်မှတ်ရရ ကဗျာစာအုပ်တအုပ် လက်ဆောင် ပေးဖြစ်ခဲ့ပါတယ်။ အဲဒီတပတ်လောက် အတွင်းမှာပဲ ဆရာမင်းမော်ကလဲ ကျနော့်ကို မှတ်မှတ်ရရ ကဗျာစာအုပ်တအုပ် လက်ဆောင်ပြန် ပေးခဲ့ပါတယ်။ ‘ယက်ဗ်တူရှင်ကို ’ရဲ့ ကဗျာတွေကို အင်္ဂလိပ်လို ဘာသာပြန်ထားတဲ့ ကဗျာစာအုပ်လေးပါ။ စာအုပ်လေးရဲ့အတွင်းပိုင်းက ပထမဆုံးစာမျက်နှာပေါ်မှာ သူ့လက်မှတ်နဲ့ ဒီစာအုပ်လေးကို သူစတင်ဝယ်စဉ်က နေ့စွဲပါ ထိုးထား တဲ့အပြင်၊ သူ ဝယ်ခဲ့ရာနေရာ ‘လန်ဒန်’ ဆိုတာပါ ရေးထားတာ တွေ့ရပါတယ်။ အဲဒီရဲ့အောက်နားမှာမှ ကျနော့် နာမည်ကို တပ်ပြီး၊ အမှတ်တရလက်ဆောင်အဖြစ် လက်မှတ်ရေးထိုးပေးခဲ့တာ ဖြစ်ပါတယ်၊ သူ လန်ဒန်မှာ ကျောင်းသွားတက်ရစဉ် ကတည်းက ဝယ်လာခဲ့တဲ့ ကဗျာစာအုပ်လေး ဖြစ်တဲ့အတွက် နှစ်တော်တော် ကြာနေပြီဖြစ်ပေမဲ့ စာအုပ်လေးကတော့ တော်တော်သပ်သပ်ရပ်ရပ် လတ်လတ်ဆတ်ဆတ်ပဲ ရှိပါသေးတယ်။ ကဗျာရေးသူ လူငယ်လေး တယောက်ဖြစ်တဲ့ ကျနော့်အပေါ် သူက အဲဒီလို နွေးနွေးထွေးထွေး ဆက်ဆံခဲ့တာတွေ ရှိပေမဲ့၊ မပြည့်အိုးတလုံးပဲ ဖြစ်နေသေးတဲ့ ကျနော့်မှာ၊ ‘ဇော် မော် သင်း’ဂိုဏ်းလို့ သတ်မှတ်ပြောဆိုနေကြတဲ့ထဲက တယောက် အပါအဝင် ဖြစ်နေတဲ့ ဆရာမင်းမော် အပေါ် ဆရာကြူးတို့၊ ဆရာစွမ်း၊ ဆရာဂျမ်းတို့လောက် ရင်းရင်းနှီးနှီးမရှိလှပဲ ခပ်ဝေးဝေးပဲ ရှိခဲ့မိပါတယ်။ အဲဒီလို အနေအထားရှိတဲ့ ဆရာမင်းမော်ကပဲ၊ ကျနော့် ကဗျာစာအုပ်လေး ထွက်ပြီးစ မကြာလှသေး ချိန်တနေ့မှာပဲ၊ လှည်းတန်း လမ်းမကြီးပေါ် အမှတ်မထင် ကြုံမိရာက ‘ခင်ဗျား အားသလား၊ အားရင် ကျနော်နဲ့ လိုက်ခဲ့ စမ်းပါ ’လို့ အဖေါ်စပ် ပါလေတယ်။ ‘ဘယ်ကို သွားမလို့လဲ’ လို့ မေးမိတော့ ‘ဆရာမင်းသုဝဏ် ဆီ…’ တဲ့။

ဆရာမင်းမော် အဖေါ်ခေါ်လို့ အဲသလိုနည်းနဲ့ ဆရာမင်းသုဝဏ်ဆီ ကျနော် ပထမဆုံး ရောက်ခွင့် ကြုံသွားခဲ့ပါတယ်။ကမာရွတ် လှည်းတန်းက ကမာရွတ်ဂတ်တဲနဲ့ လမ်းဟိုဖက်သည်ဖက် ဒါးလွယ်ခုတ် မျက်စောင်း ထိုးလောက်မှာ၊ အဲသည်တုန်းက ‘ပန်းကမ္ဘာ’ တို့ ‘ပန်းမြို့တော်’ တို့ဆိုတဲ့ လဖက်ရည်ဆိုင် အအေးဆိုင်လေးတွေ ရှိပါတယ်။ အဲသည်နားကနေ ပလက်ဖေါင်းအတိုင်း ဖြတ်လျှောက်ခဲ့ကြပြီး၊ ဦးထွန်းလင်း လမ်းထဲ ဝင်ခဲ့ကြတာနဲ့မကြာမီမှာပဲ ဆရာမင်းသုဝဏ်ရဲ့ အိမ်ကို ရောက်ပါတယ်။ ခေါင်းရင်းဖက်က ဧည့်ခန်းလေးထဲမှာ ဆရာမင်းသုဝဏ်က အေးအေးသက်သာ ထိုင်နေပါတယ်။ အဖြူရောင် လည်ကတုံး အင်္ကျီနဲ့ ချည်ချောပုဆိုး အရောင်ဖျော့ဖျော့လေးကို ဝတ်ထားတဲ့ ဆရာ့ရဲ့ ရုပ်ပုံဟာ တကယ့်ကို အေးအေးချမ်းချမ်းနဲ့ ကြည်ကြည်စင်စင် ရှိလှပါတယ်။ အရင်ကတခါမှ လူကိုယ်တိုင် မကြုံ ဖူးပေမဲ့၊ ဓါတ်ပုံကိုတော့ မြင်ဖူး ကြုံဖူးထားပြီးသား ဖြစ်တဲ့အတွက်၊ မြင်မြင်ချင်းမှာပဲ ‘ဒါ – ဆရာ မင်းသုဝဏ် ဆိုတဲ့ တကယ့်စာဆိုကြီးပါလား’ ဆိုတဲ့အသိက ချက်ချင်း

ရင်ထဲ ပြေးဝင်လာခဲ့ပါတယ်၊အဲဒီတုန်းကကို ဆရာရဲ့ အသက်ဟာ ခွန်နှစ်ဆယ်ကျော်စ ရှိနေပြီဖြစ်ပေမဲ့၊ အရွယ်တင်လွန်းလှတဲ့ ဆရာ့ရဲ့သွင်ပြင်ဟာ အသက်ခြောက်ဆယ်လောက်ပဲလို့ ထင်ရပါတယ်။ အသားအရေကလဲ လတ်လတ် ဝင်းဝင်းနဲ့ စာဆိုရှင်စစ်စစ်ကြီး တယောက်ဖြစ်တဲ့ ဆရာ့ရဲ့ ရုပ်ပုံဟာ ပညာရှင်ကြီး တယောက်ရဲ့ ပုံသွင်လဲ အတိုင်းသား ထင်ဟပ်နေပါတယ်။ ဆရာ့မျက်နှာကို ဖျတ်ကနဲ လှမ်းကြည့် လိုက်မိစဉ်မှာပဲ ‘ရွှေလိုဝင်းတဲ့ မင်းသုဝဏ်ကို …’ ဆိုတာကို ဖျတ်ကနဲ ပြေးသတိရမိလိုက်ပါတယ်။ သုဝဏ္ဏသာမ ဇာတ်တော်ထဲက မိဘကို ရိုရိုသေသေ လုပ်ကျွေးသမှု ပြုနေရှာတဲ့ သုဝဏ္ဏသာမ သတို့သားကို ‘သားရွှေအိုးထမ်း’ ဇာတ်လမ်းကို အင်မတန် သဘောကျခဲ့ရာက ကလောင်နာမည်အဖြစ်ပါ။ ယူလာခဲ့တဲ့ စာဆိုကြီးရဲ့ မျက်နှာကိုလဲ ကျနော်က လေးလေးစားစား ငေးမောကြည့်နေမိခဲ့ပါတယ်၊မျက်မှန်လေးကို တချက်ပင့်တင်လိုက်ရင်း ‘လာ လာ ထိုင်ကြ ထိုင်ကြ ’ ဆိုတဲ့ ဆရာ့ရဲ့ နွေးနွေး ထွေးထွေး နှုတ်ဆက်သံအောက်မှာ ကျနော့်မှာ ရင်တွေ ခုန်နေမိပါတယ်။

ကျနော် အင်မတန်နှစ်သက်ခဲ့ဖူးတဲ့ ‘သပြေညို’ ရှင်၊ သပြေညို စာဆိုကြီးကို ကြိုတင် ပြင်ဆင်ထားခဲ့ရခြင်း မရှိပဲနဲ့၊ စာဆိုရှင်ကြီးရဲ့ ဧည့်ခန်းဆောင်အတွင်းမှာပဲ၊ ကိုယ်တိုင် ကိုယ်ကျ တွေ့နေရပြီ မဟုတ်လား။ ကျနော်တို့ ထိုင်လိုက်ကြရာ ထိုင်ခုံလေးတွေရဲ့ မျက်နှာချင်း ဆိုင်မှာ၊ ဧည့်ခန်းဆောင်လေးရဲ့ နံရံပေါ်မှာ ပန်းချီကားကြီးတချပ်ကို သပ်သပ်ရပ်ရပ် ချိတ်ဆွဲထားတာကိုလဲ တွေ့လိုက်ရပါတယ်။ တကယ့်အနုပညာရှင် ဗမာပန်းချီကျော် ဆရာ ‘ပေါ်ဦးသက်’ ရဲ့ မူရင်းလက်ရာ ပန်းချီကားကြီး ပါပဲ။

စုလစ်မွန်ချွန်တွေ၊ ကနုတ်ပန်းတွေဝေဝေဆာဆာနဲ့ ရှေးဟောင်း ဗမာဘုန်းကြီး ကျောင်း ကြီး တကျောင်းရဲ့ ရှေ့မှာ၊ ဆွမ်းခံ၊ ဆွမ်းဟင်းဆိုင်းထမ်းကြီးကို ဘယ်ညာထမ်းပြီး ပြုံးရွှင် ရယ်မော နေကြတဲ့ ဘုန်းကြီးကျောင်းသား လေးတွေရော ကိုရင်ငယ်လေးတွေပါ ပါဝင်နေတဲ့၊ဆွမ်းခံထွက် ချိန် လား ဆွမ်းခံပြန်ချိန်လားကို သရုပ်ဖော်ထားတဲ့၊ အင်မတန်အနုပညာ မြောက်လှတဲ့ ပန်းချီကားကြီး တချပ်ပါ။ မြင်လိုက်ရတာနဲ့ ဗမာ့ယဉ်ကျေးမှု အမျိုးသားယဉ်ကျေးမှု ရနံ့ကို တဝကြီးရှူ ရှိုက်လိုက်ရသလို ခံစားလိုက်ရပြီး၊ အမျိုးသားစာဆိုကြီး တယောက်ရဲ့ ဧည့်ခန်းဆောင်နဲ့ အင်မတန်မှ ကျက်သရေ ရှိရှိ လိုက်ဖက်လွန်းနေခဲ့ပါတယ်။ ပန်းချီကျော် ဆရာပေါ်ဦးသက်ရဲ့ ပြောင်မြောက် ထူးခြားလှတဲ့ ကိုယ်ပိုင်ကောက်ကြောင်း ဟန်အပြည့်နဲ့ ရေးဆွဲထားတဲ့၊ ဒီပန်းချီ ကားချပ်ကြီးထဲက ကိုရင်နဲ့ ဘုန်းကြီးကျောင်းသားလေးတွေရဲ့ ပြုံးရွှင်ရယ်မောနေပုံကလဲဟက်ဟက်ပက်ပက် လန်းလန်း ဆန်းဆန်း ရှိလှပြီး၊ မြင်လိုက်ရသူကိုပါ ကြည်ကြည်နူးနူး ဖြစ်သွားစေမိသလို၊ ဆရာမင်းသုဝဏ်ရဲ့ လှိုက်လှိုက်လှဲလှဲ ဖေါ်ဖေါ်ရွေရွေ နှုတ်ဆက်လိုက်သံနဲ့ ကြည်ကြည်လင်လင် ရွှန်းရွှန်းလဲ့လဲ့ အပြုံးက လဲ စိတ်ချမ်းမြေ့ဖွယ် ဖြစ်ခဲ့ပါတယ်။

ဆရာမင်းမော်က သူ့လက်ထဲက ကိုင်လာခဲ့တဲ့ အညိုရောင်စာအိတ် အထုပ်ကြီးကို ဆရာ့ရှေ့ ရိုရိုသေသေ ထိုးပေးရင်း၊ 'ဆရာ့ကို စာအုပ်နဲ့ကော်ပီတွေ လာပေးတာ…' လို့ ဆိုပါတယ်။ စာအိတ်ညို ကြီးထဲမှာ ဘာစာအုပ်တွေ ဘာစာမူတွေလဲ ဆိုတာတော့ ကျနော်လဲ မမြင်ရတဲ့အတွက် မသိပါ။ အဲဒီတုန်းက ဆရာမင်းမော်က 'ဆရာ … သူလဲ လူငယ် ကဗျာဆရာ တယောက်ပဲလေ…' လို့ စကားပလ္လင်ခံပြီး ကျနော့် ကလောင်နာမည်ကို ဖေါ်ပြီး မိတ်ဆက်ပေးရှာပါတယ်။ ဆရာက အပြုံးလဲ့လဲ့နဲ့ ကြည့်ရင်း အသိအမှတ်ပြုဟန် ခေါင်းလေးကို ညိတ်ပြနေပေမဲ့၊ တိုင်းသိ ပြည်သိ ရောမ တကယ့် ကဗျာဆရာကြီးတယောက်ရဲ့ ရှေ့မှာ၊ ကျနော့်မှာ ဆင်ဖြူတော်ကြီးရှေ့ရောက်လာမိခဲ့ရတဲ့ သာမန်ဆင်မဲလေး တကောင်ပမာ ရင်တွေ ခုန်နေမိခဲ့ရပါတယ်။ အဲဒီအကြိမ်ဟာ ဆရာမင်းသုဝဏ်နဲ့ ပထမဆုံးအကြိမ် တွေ့ဆုံ ရဖူးခြင်းဖြစ်ပါတယ်။

နောက်ထပ် တကြိမ်ကတော့ ဆရာစွမ်း (ဆရာမောင်စွမ်းရည်)က ခေါ်သွားလို့၊ ပထမဆုံး အကြိမ်နဲ့ သိပ်ပြီး ကာလမခြားလှခင်မှာပဲ ဒုတိယအကြိမ်မြောက် အဖြစ်ဆရာမင်းသုဝဏ်ရဲ့အိမ်ကို ရောက်သွားဖြစ်ပြန်တာပါ။ ဆရာမင်းသုဝဏ်ရဲ့ အိမ်ကို မရောက်ခင် လမ်းမှာပဲ ဆရာစွမ်းက 'ကဗျာစာအုပ်လေး ပါလာသေးလား။ အဆင်သင့်ပါလာရင် ဆရာမင်းသုဝဏ်ကိုလဲ လက်ဆောင်ပေးသင့်တယ်။ ဆရာက လူငယ်ကဗျာဆရာ လေးတွေရဲ့ ကဗျာတွေကိုလဲ စိတ်ဝင်တစား ဖတ်လေ့ ရှိပါတယ်' လို့ အားပေးအားမြှောက် စကားပြောတဲ့အတွက် ဆရာမင်းသုဝဏ်နဲ့ တွေ့တာနဲ့ ကိုယ့်ကဗျာစာအုပ်လေးကို ထုတ်ပြီး လက်ဆောင်အဖြစ် တရိုတသေ ပေးဖြစ်ခဲ့ပါတယ်။

အဲဒီ တုန်းကတော့ သွားလေရာ လွယ်အိတ်တလုံးကို အမြဲလွယ်ထားတတ်တဲ့ ကျနော်ကလဲ ကျနော့် လွယ်အိတ်လေးထဲမှာ ကျနော့်ကဗျာ စာအုပ်လေး လေးငါးအုပ် အမြဲပါတတ်တဲ့ ကာလ မဟုတ်လား။ ဆရာက ကဗျာစာအုပ်လေးကို သေချာကိုင်ကြည့်ပြီး၊ ကဗျာစာအုပ်လေးတွေကို ဝယ်ဖတ်တဲ့သူ များရဲ့လား၊ ရောင်းလို့ ရရဲ့လား၊နယ်ဖက်က အမှာစာ လာတဲ့ အခြေအနေ ဘယ့်နှယ်နေ သလဲ… ဆိုတာမျိုးကအစ စိတ်ဝင်စားစွာ မေးပါတယ်။ ကိုယ့်သားသမီးရဲ့ ကျန်းမာရေး အခြေအနေကို သိချင်လွန်းရှာတဲ့ ဖခင်ရင်းတယောက်ရဲ့ အသံလို၊ ကဗျာ့ကျန်းမာရေး အခြေအနေကို သိချင်လွန်းရှာတဲ့ ကဗျာ့ဖခင်ကြီး တယောက်ရဲ့ မေးသံမျိုးမှန်း သိသိသာသာ ခံစားလိုက်ရပါတယ်။ ကျနော် ရင်ခုန်ခဲ့ရပြန်ပါတယ်။

အဲဒီနေ့ကတော့ ဆရာမင်းသုဝဏ်နဲ့ ဆရာစွမ်းတို့ရဲ့ ကဗျာတွေအကြောင်း စာတွေအကြောင်း သောင်းပြောင်းထွေလာ ပြောဆိုနေကြသံတွေကို ဘေးနားကနေ နားထောင်နေမိရင်း၊ ဆရာမင်းသုဝဏ်ရဲ့ အိမ်မှာ အချိန်တော်တော်ကြာအောင် ရောက်ခဲ့ရဖူးပါတယ်။ အဲဒီတုန်းက ဆရာမင်းသုဝဏ်ဟာ ကမ္ဘာကျော် ပြဇာတ်ဆရာကြီး ရှိတ်စပီးယားရဲ့ 'ကင်း လီယာ' ကို ရသမိမိ ဘာသာပြန်ဆို နေချိန်ဖြစ်တာကိုလဲ အမှတ်ရမိနေပါတယ်။

(၃)

ငယ်စဉ်ကလေးဘဝ ကတည်းက ဆရာမင်းသုဝဏ်ရဲ့ ကလေးကဗျာလေးတွေကို နှစ်သက်စွဲလန်းလာခဲ့ရတဲ့ ကျနော်ဟာ၊ အရွယ်ရောက်လာတော့လဲ အရွယ်အလျောက် ဆရာ့ရဲ့ကဗျာမှန်သမျှကို နှစ်နှစ်သက်သက် ရှာဖွေဖတ်ရှု ခဲ့ဖြစ်ပါတယ်။ ရင်ထဲအထိ စူးဝင် ငြိတွယ်ခဲ့ရတဲ့ ကဗျာတွေလဲ အများကြီးရှိခဲ့ပါတယ်။'သပြေညို' လို၊ 'ပျဉ်းမ ငုတ်တို' လို၊ 'သူ့ မှာတမ်း' လို ကဗျာတွေကို စွဲစွဲလန်းလန်း ဖြစ်ခဲ့ရဖူးရုံ မက၊ ' လယ်တောက အပြန် ... ပန်ချင်တယ် ခရေဖူးဆိုလို့ ' နဲ့စလိုက်တဲ့ ' နှင်းဆီပွင့် ' လို၊ ' ဖိုးမောင် လာပြီ ' လို ကဗျာတွေကလဲ ရင်ထဲကို ပွဲတင်ခတ်နေစေခဲ့တဲ့ ကဗျာတွေ ဖြစ်ခဲ့ရပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မဟာကဗျာ လေးချိုးကြီးတွေက နိုင်ငံရေးစံ နိုင်ငံရေးရပ်တည်ချက် အပြည့်နဲ့ တိုင်းချစ် ပြည်ချစ် နိုင်ငံချစ် စိတ်ဓါတ်ကို အညွန့်တလူလူ တက်အောင် မွေးဖွားတည်ဆောက် ပေးနိုင်ခဲ့သလို၊ ဆရာမင်းသုဝဏ်ရဲ့ ကဗျာတွေ အများစုကြီးကလဲ တိုင်းချစ် ပြည်ချစ် နိုင်ငံချစ်စိတ်ဓါတ် အခြေခံတွေကိုပဲ အနုပညာရည် အနုပညာငွေ့ တထုံထုံနဲ့ စိမ့်ဝင် စွဲမြဲ ပျံ့နှံ့စေခဲ့တယ်လို့ မှတ်ထင် ယူဆမိပါတယ်။

ဆရာမင်းသုဝဏ်ဟာ တိုင်းချစ် ပြည်ချစ် နိုင်ငံချစ်စိတ်ဓါတ် အပြည့်ရှိတဲ့ စစ်မှန်တဲ့ အနုပညာရှင် စာဆိုစစ်စစ်ကြီး တဦးဖြစ်ရုံသာမက၊ အမိဗမာပြည်ကြီးရဲ့ စာပေယဉ်ကျေးမှု သမိုင်းမှာ အလေးထားရမယ့် တကယ့် စာပေပညာရှင်ကြီး တဦးလဲ ဖြစ်ခဲ့ပါတယ်။ အဘိဓါန် လုပ်ငန်းတွေမှာ ဦးဆောင်တာဝန်ယူ ပြုစုလုပ်ဆောင်ခဲ့သူ ဖြစ်ရုံမက၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ ဘာသာပြန်အသင်း၊ ပညာ့တံခွန်အသင်း တို့လို စာပေ ယဉ်ကျေးမှုဆိုင်ရာ အသင်းကြီးတွေမှာလဲ အထင်ကရ အခန်းတွေကနေ ပါဝင်ရွက်ဆောင်ခဲ့သူ ပညာရှင်ကြီး တဦးဖြစ်ခဲ့ပါတယ်။ ဆရာမင်းသုဝဏ်ဟာ တကယ့်အနုပညာရှင် စာဆိုစစ်စစ်ကြီး တဦးဖြစ်တယ်ဆိုတာ ဗမာပြည် စာပေအနုပညာရှင်တိုင်းက အလေးထား အသိအမှတ် ပြုထားကြပြီးသား ဖြစ်သလို၊ လေးစားအပ်တဲ့ တကယ့်စာပေပညာရှင်ကြီးတဦးဖြစ်တယ်ဆိုတာကိုလဲ ဗမာပြည် စာပေလောက တခုလုံးက မြင့်မြင့်မားမား တန်ဖိုးထား လေးစားကြပြီးသား ဖြစ်ပါတယ်။ ဒါ ပေမဲ့ – မဆလစစ် အာဏာရှင် စံနစ်လက်အောက်မှာ မဆလ စစ်အာဏာရှင်ကြီး ဗိုလ်နေဝင်းကတော ဆရာမင်းသုဝဏ်ကို 'မကျက်တကျက် ပေါင်မုန့် ' လို့ ရိုင်းရိုင်းပျပျ ကင်ပွန်းတပ် စော်ကားခဲ့ဖူးပါတယ်။ တကယ်က ဗိုလ်နေဝင်းလို စစ်အာဏာရှင်ရူးကြီးတွေသာ ဘာမှ ဟုတ္တိပတ္တိမတတ်ပဲ တတ်ရောင်ကားတွေ လုပ်ရင်း တိုင်းပြည်နဲ့လူမျိုးဂုဏ်ကို အနိမ့်ဆုံး အဆင့် အထိ ဒုတ်ဒုတ်ထိ ကျဆင်း သွားအောင် လုပ်ဆောင် ကျူးလွန်ခဲ့ကြပြီး၊ ဆရာမင်းသုဝဏ်လို တကယ့်စာဆို တကယ့်ပညာရှင်ကြီးကတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် အဖိုးမဖြတ်နိုင်တဲ့ စာပေအနုပညာ အမွေအနှစ်တွေကို

အများကြီးပြုစု ပေးအပ်သွားခဲ့တာ ရိုးသားသူတိုင်း သိပါတယ်။ အကြမ်းဖျင်းအားဖြင့် ကြည့်ရရင် နိုင်ငံနဲ့ လူမျိုးအတွက် အမျိုးသားရေးဆိုင်ရာ အရေးအရာကိစ္စတွေနဲ့ ပတ်သက်ရင်၊ ဆရာမင်းသုဝဏ်ဟာ ဘယ်တော့မှ ကင်းကွာ မေ့လျော့နေလေ့ မရှိတဲ့ စာဆိုစစ်စစ်ကြီး တယောက်၊ တိုင်းချစ်ပြည်ချစ်ကြီး တယောက် ဖြစ်ခဲ့ပေမဲ့၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှု မျိုးတွေနဲ့တော့ ခပ်ဝေးဝေးပဲ နေလေ့ရှိ ခဲ့တာ တွေ့ရပါတယ်။ တိုင်းပြည်ရဲ့ ရင်ခုန်သံနဲ့ စာဆိုရဲ့ ရင်ခုန်သံဟာ အမြဲလိုလို နရီကိုက်နေခဲ့ပေမဲ့၊ နိုင်ငံရေး လှုပ်ရှားမှုတွေထဲမှာ နိုင်ငံရေးသမားတဦးရဲ့ ရပ်တည်ချက်မျိုး၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းဝင်တဦးရဲ့ အနေအထားမျိုးနဲ့တော့၊ ဘယ်တော့မှ မဖြစ်စေရပဲ အသက်(၈၀)နီးပါးလောက်အထိ ကင်းကင်းရှင်းရှင်း နေထိုင်ခဲ့တယ် လို့ အကြမ်းဖျင်းအားဖြင့် ဆိုနိုင်လိမ့်မယ် ထင်ပါတယ်။ ဒါပေမဲ့ – မဆလ စစ်အာဏာရှင် စံနစ်ဆိုးရဲ့ အဖေါက်ပြန်ဆုံး လူမဆန်ဆုံးသော ယုတ်မာရက်စက်မှု ကြီးတွေရဲ့ အောက်မှာ ရှစ်လေးလုံး အရေးတော်ပုံကြီးလို လူထုအရေးတော်ပုံ ဒီမိုကရေစီ အရေးတော်ပုံကြီး အုံကြွပေါက်ကွဲ ပေါ်ထွက်လာတဲ့ အချိန်မှာကျတော့၊ ဆရာလဲ ဘယ်လိုမှ မနေနိုင်တော့တာ တွေ့ရပါတယ်။ နိုင်ငံနဲ့လူမျိုးအတွက် ဒီမိုအရေးတော်ပုံကြီးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံအားဖြည့်ပေးပြီး တတ်သိပညာရှင်ကြီး တဦးအဖြစ် မလွှဲမရှောင်သာ ပါဝင်လှုပ်ရှားလာခဲ့ ရပါတော့တယ်။ ဘာပဲဖြစ်ဖြစ် ကျနော်တို့ကတော့ ဆရာမင်းသုဝဏ်ရဲ့ နှလုံးသားရင်ခုန်သံကို နားလည်တန်ဖိုး ထားနေမိရင်း ကျေနပ် ပီတိဖြစ်ခဲ့ရပါတယ်။

ကျနော်တို့တွေက ကျေနပ်ပီတိ ဖြစ်ရသလောက်၊ ဖေါက်ပြန်ဆိုးဝါးလှတဲ့ စစ်အာဏာရှင်စနစ်ရဲ့ ဘက်တော်သားတွေ အဖို့ကတော့ အူနုကျွဲခတ် ဖြစ်ခဲ့ရပါလိမ့်မယ်။ မျက်မာန်ရှ ကြ၊ မုန်းမာန်ပျိုးကြ၊ အငြိုးသိုကြ၊ ဒေါသပုန်ထခဲ့ကြတာတွေကိုလဲ နည်းမျိုးစုံနဲ့ ဖေါ်ပြခဲ့ကြတယ် မဟုတ်လား။ ‘မင်းသုဝဏ်’ ဆိုတဲ့ စာဆိုရဲ့နာမည် ကိုတောင် စာမျက်နှာတွေပေါ်မှာ ဖေါ်ပြခွင့်မရလို့၊ မဖြစ်မနေ ဖေါ်ပြဖို့ လိုအပ်လာတဲ့အခြေအနေတွေမှာ ‘မင်းသုဝဏ်’ အစား မင်းသုဝဏ်ဆိုတာကို ထင်းကနဲ သိသာစေမယ့် ‘သပြေညို ဆရာ’ ‘သပြေညို ရှင်’ ‘သပြေညို စာဆိုကြီး’ ဆိုတဲ့ သင်္ကေတတွေနဲ့ပဲ ဖေါ်ပြရည်ညွှန်းကြရတဲ့ အခြေအနေထိ ရောက်ခဲ့ရ ကြုံခဲ့ရသေးတယ်မဟုတ်လား။ ဆရာ့ရဲ့ နာမည်ကို မှင်နက်သုတ်၊ ဆရာ့ကလောင်ကိုလဲ ကြိုးနဲ့တုပ်ပြီး၊ ယုတ်ယုတ်မာမာ ကန့်သတ် ပိတ်ပင်တားမြစ်ခဲ့ကြသေးတယ် မဟုတ်လား။သုဝဏ္ဏသာမ ဇာတ်တော်မှာ ပိဠိယက္ခ ရဲ့ ဆိပ်လူးမြှားဒဏ်ကို အလောင်းတော် သုဝဏ္ဏသာမ သေလုမျောပါး ခံခဲ့ရသလို၊ ဆရာမင်းသုဝဏ်တယောက်လဲ ခေတ်သစ်ပိဠိယက္ခ လက်သစ်လူဆိုးတွေရဲ့ ဆိပ်လူးမြှားဒဏ်ကို အကြီးအကျယ် ခံခဲ့ရဖူးတယ် မဟုတ်လား။

.

## ( ၄ )

၂၀၀၄ ခုနှစ်ထဲမှာ ဆရာမင်းသုဝဏ်ကွယ်လွန်ရှာပြီ ဆိုတော့၊ အဝေးရောက် ကျနော်တို့တတွေမှာ တော်တော်ကို နှမြောတသ ဖြစ်ခဲ့ရပါတယ်။ အဝေးရောက် ပန်းခြင်းကလေး တခု အဖြစ်၊ စိတ်နဲ့ပဲ ပို့သလိုက်ရတဲ့ 'စိတ်ပန်းခြင်း' လေးတခု အဖြစ်၊ ဆရာမင်းသုဝဏ်ကို ရည်စူးပြီး အမှတ်တရ ဂုဏ်ပြုကဗျာလေးတပုဒ် ရေးဖွဲ့ဖြစ်ခဲ့ပါတယ်။ ဆရာ့ရဲ့ ကျေးဇူးတရားတွေ အပေါ် ပြန်လည် အောက်မေ့ဆင်ခြင် ကြည့်မိရင်းက 'စိတ်ပန်းခြင်း'လေးတခုအဖြစ် ဂါရဝပြု ရေးဖွဲ့ ပြီး သစ္စာမဂ္ဂဇင်းကနေ ဖေါ်ပြ ဦးညွှတ်ခဲ့ဖြစ်တာပါ။ ကျနော်ကိုယ်တိုင်ရဲ့ ပထမဆုံး မှတ်မှတ်ရရ စွဲလန်းခဲ့ရာလဲဖြစ်၊ ဆရာကိုယ်တိုင်ရဲ့ အမှတ်အသား သင်္ကေတတခု သဖွယ်လဲဖြစ်နေခဲ့တဲ့၊ 'သပြေညို'ကို လေးလေးနက်နက် သတိရမိရင်း၊ ဆရာ့အတွက် အမှတ်တရ ကဗျာလေးကို 'သပြေတွေ ဝေကို ဝေရ ပါဦးမယ်' လို့ ခေါင်းစည်းတပ် ပေးခဲ့မိပါတယ်။

'* ကျနော်တို့တတွေဟာ
သပြေညို ကို တမ်းတရင်း
ပျဉ်းမငုတ်တိုနား သွားလာ
လယ်စောင့်တဲနားက ကြာနီ နဲ့
ဇာလီပျော်တဲ့ ကျောင်းသင်္ခမ်း
စိတ်မှန်းနဲ့ ပျော်ခဲ့ကြဖူးသလို
ဒိုးယိုစီးနေတဲ့ နဒီတွင်း
နှလုံးသားတွင်းအထိ စီးခဲ့ရာက
လယ်တောကအပြန်ကျတော့ ရင်ဖို
ခရေပန်းလေးတွေကို နှမြော
အနုပညာသဘော ရိပ်စားမိရင်း
တမျှ ဉီး မျှဉီး နဲ့ ရင်ခုန်သံ
စည်းချက်မြန်ခဲ့ရပါတယ် ဆရာ ...'

လို့ ပြန်လည်တမ်းတ ရေးဖွဲ့ပြမိခဲ့သလို –

‘ ⁕ ဘကြီးအောင် ရဲ့ အချစ်ဂူ မှာ
ကြေကွဲစွာ ဆင်ခြင်မိ
ပီယေဟိ ဝိပ္ပယော ကနေ
ခွေးတွေထိုးဟောင် ဖိုးမောင်လာပုံ
ရင်တွေခုန်ခဲ့ရ
သေရခါနီး ပြောက်ကျား
တိုင်းပြည်အား မှာကြားချက်
( ကျနော်တို့အတွက်တော့ ...) တက်ကြွတဲ့ အလွမ်း
နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းခဲ့ရပါတယ် ဆရာ ... ’

လို့လဲ အဲဒီတုန်းကတည်းက တဆက်တည်း ဖေါ်ပြ ခဲ့ဖူးပါတယ်။ အဲဒီရဲ့ နောက်မှာမှ

⁕ ဆရာမင်းသုဝဏ် စာဆိုမွန်ကို
ကြည်ညို စွာ ဦးခိုက်ရင်း
အလွမ်းပန်းခြင်းလေးကို အသာမ
အဝေးကနေ စိတ်နဲ့မှန်းပြီး
ကန်တော့ပန်းအဖြစ် ပို့သမိ – –

ဆိုပြီး အထိမ်းအမှတ် ပြုခဲ့ရပါတယ်။ လေးစားအပ်တဲ့ စာဆိုကြီး၊ တကယ့်ကဗျာဆရာကြီး ဖြစ်တဲ့အတွက် ကဗျာနဲ့ပဲ လေးလေးနက်နက် လွမ်းခဲ့ဖူးတာ ဖြစ်ပါတယ်။

အခုတော့ ဆရာမင်းသုဝဏ်ရဲ့ ရာပြည့် သမယတောင် နီးလာပြန်ပါ ပြီ။ ၁၉၀၉ ခုနှစ်ဖွားဖြစ်တဲ့ ဆရာမင်းသုဝဏ်ဟာ မကြာမီမှာပဲ အနှစ်(၁၀၀) တင်းတင်းပြည့်တော့မှာ ပါကလား၊ ရာပြည့်ပွဲ ကျင်းပပြီး အထိမ်းအမှတ် ပြုရလောက်အောင် ကြီးကျယ်မြင့်မြတ် သူတွေထဲမှာ ဆရာမင်းသုဝဏ်လဲ တဦးအပါအဝင် ဖြစ်တယ်ဆိုတာ တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်သူတွေကြား၊ စာပေကိုချစ် အနုပညာကိုချစ်တဲ့ တကယ့် စာပေအနုပညာရှင် စစ်စစ်တွေကြားမှာ ဝိဝါဒကွဲပြားစရာ မလိုလောက်အောင် ရှင်းလင်း မြင်သာနေပြီး ဖြစ်ပါတယ်။

ဆရာမင်းသုဝဏ်ရဲ့ တသက်တာဟာ တိုင်းပြည်နဲ့လူမျိုးအပေါ် တာဝန်ကျေခဲ့တဲ့ တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်သူကြီးတယောက်ရဲ့ တသက်တာဖြစ်ရုံမက၊ အမိနိုင်ငံတော်ရဲ့ အမျိုးသား စာပေယဉ်ကျေးမှု အနုပညာ လမ်းကြောင်းပေါ်မှာ ကောင်းမှုအဖုံဖုံ ကောင်းမွေ အလီလီကို ပြုသွား

ပြသွား ပေးအပ်သွားခဲ့တဲ့ တကယ့်စာပေ အနုပညာရှင်ကြီး၊ လေးစားကြည်ညိုအပ်တဲ့ စာဆိုကြီးလဲ ဖြစ်ပါတယ်။

အဝေးရောက်တွေ ဖြစ်ခဲ့ရတဲ့ ကျနော်တို့တွေဟာ ဆရာ့ရဲ့ နောက်ဆုံးကာလ ဘဝ ဆည်းဆာညိုချိန် လက်ရာတွေကိုအထိ၊ အဝေးကနေပဲ အဆက်မပြတ်လှမ်းမျှော် ကြည့်ရှု ကြားနာ နေခဲ့ရရာမှာ၊ ဆရာဟာ နောက်ဆုံး ဆည်းဆာညိုချိန် နေဝင်ချိန်အထိ တိုင်းပြည်နဲ့ လူမျိုးအပေါ် မမေ့လျော့ခဲ့သူ၊ ကောင်းစေချင်ရှာလွန်းသူ – ဖြစ်ခဲ့တာကိုလဲ တွေ့ရပါတယ်။

တလောလေးကမှ တိုက်တိုက်ဆိုင်ဆိုင် ထပ်မံတွေ့လိုက်ရတဲ့၊ မိတ်ဆွေတယောက်ရဲ့ အိမ်နံရံပေါ်က စက္ကူကြီးကြီးပေါ် စာလုံးကြီးကြီးနဲ့ ကူးယူချိတ်ဆွဲထားတဲ့ ကဗျာလေးနဲ့ပဲ သာဓကထူပြီး ပြလိုက်ချင်ပါတယ်။ အဲဒီကဗျာလေးဟာ ဆရာမင်းသုဝဏ်ရဲ့ နောက်ဆုံး ဆည်းဆာချိန် လက်ရာတွေထဲက နောက်ဆုံးကဗျာလေး တပုဒ်လဲပဲ ဖြစ်ပါတယ်။ ဆရာမင်းသုဝဏ်ရဲ့ နောက်ဆုံး ဆည်းဆာနှလုံးသားကို အတိုင်းသား ဖွင့်လှစ်ပြသနေသလို၊ ဆရာမင်းသုဝဏ်ရဲ့ နောက်ဆုံး'သူ့မှာတမ်း' လို့လဲ ဆိုလိုက်ချင်ပါတယ်။ ကြည့်ကြ၊ ရှုကြ၊ နားဆင်ကြည့်ကြပါ့ – –

' သားမြေးတို့တွက် ကြိုးစားစို့ '

————————————

* ငါ သာလျှင် တော်၊ သူ မတော် ဟု
လူတော် ထင်ပါ ၊ တို့မြန်မာ ကို
ဘယ်ခါ ဆယ်၍ ရ မလဲ ။
* ကြွားရင်းနှင့် နစ်၊ ဝါး ရင်း နစ်သည့်
နစ်လျက် နေပါ ၊ တို့မြန်မာ ကို
ဘယ်ခါ ဆယ်၍ ရ မလဲ ။
* အကောင်း ဆိုးထင်၊ ဆိုး ကောင်းထင် နှင့်
အထင်လွဲပါ၊ တို့မြန်မာ ကို
ဘယ်ခါ ဆယ်၍ ရ မလဲ ။
* သူ့ကို ငါ ညိုး၊ ငါ့ သူ ညိုး နှင့်
အညိုးကြီး ပါ၊ တို့မြန်မာ ကို
ဘယ်ခါ ဆယ်၍ ရ မလဲ ။
* ညည်း၍ မပြီး၊ ညူ မပြီးဘူး

အပြီးတကာ ၊ လုပ်နိုင်ပါ မှ
တော်ရာ ရောက်လိမ့် နောင်အဖို့ ။
နိုးကြ ထကြ မြန်မာတို့ ။
သားမြေးတို့တွက် ကြိုးစားစို့ ။ ။
( မင်းသုဝဏ် )

ဆရာ့ကဗျာ ခေါင်းစဉ်ကိုက ‘ သားမြေးတို့တွက် ကြိုးစားစို့ ’ တဲ့။ ဆရာဟာ ဘဝရဲ့ နောက်ဆုံး နေဝင်ဆည်းဆာချိန် အထိတိုင် နိုင်ငံနဲ့လူမျိုးအတွက် မမေ့မလျော့ တွေးတော စဉ်းစားသွားခဲ့ပါတယ်။ နစ်မွန်းနေရတဲ့ အဖြစ်ဆိုး အပျက်ဆိုးတွေကြားထဲကနေ နိုင်ငံနဲ့ တမျိုးသား လုံးကို ဆယ်ယူနိုင်ဖို့ တွေးတော ပူပန်မျှော်လင့် နေခဲ့ပါတယ်။ ညည်း၍ မပြီး၊ ညူ မပြီးဘူး။ လုပ်စရာ တွေမှန်သမျှ အပြီးလုပ်ကြဖို့၊ ကုန်စင်အောင် ဆုံးခန်းတိုင်အောင် လုပ်ဆောင်ကြိုးပမ်း သွားကြဖို့ကိုလဲ တိုက်တွန်း အားပေးသွားခဲ့ပါတယ်။ ထထကြွကြွ နိုးနိုးကြားကြား လုပ်ဆောင်သွားကြဖို့ နှိုး ဆော် ပန်ကြား သတိပေးသွားခဲ့ပါတယ်။ ဆရာမင်းသုဝဏ်ဟာ သူ့ရဲ့ဘဝနောက်ဆုံး နေဝင် ဆည်းဆာချိန် အထိတိုင်၊ ကိုယ့်ရဲ့ တကိုယ်ရေ ကိုယ်ကျိုးအတွက် လုံးဝမဟုတ်တဲ့၊ သားမြေး တွေ အတွက် ( ပြောရရင်– နောင်လာနောက်သား၊ မျိုးဆက်သစ်တွေအတွက် ) ထထကြွကြွ ကြိုးကြိုးစားစား လုပ် ဆောင်သွားကြဖို့ အားလုံးကို တိုက်တွန်းနှိုးဆော် သွားခဲ့ပါတယ်။ ဘဝ နေဝင် ချိန် အထိတိုင် တိုင်းပြည်နဲ့ လူမျိုးအပေါ် ၊ နောင်လာနောက်သား မျိုးဆက်သစ်တွေရဲ့ ကောင်းစေရာ ကောင်း စေကြောင်းတွေ အပေါ် အဆက်မပြတ် မျက်မှောက်ပြုသွားခဲ့ပြီး၊ စစ်မှန်တဲ့ စာဆိုကြီး ရဲ့ မွန်မြတ် သန့်စင်လှတဲ့ နှလုံးသားကို ပကတိအတိုင်း ထုတ်ဖေါ်ပြသသွားခဲ့ပါတယ်။ ဆရာမင်းသုဝဏ်ရဲ့ လှပမြင့်မြတ်တဲ့ နှလုံးသားကို ကျနော်တို့ မြင်ခဲ့ရပါတယ်။ တိုင်းပြည်နဲ့ လူမျိုးအပေါ်ထားတဲ့ ဆရာ့ရဲ့ မေတ္တာ စေတနာနဲ့ သံယောဇဉ်တွေရဲ့ အတိမ်အနက် အတိုင်းအဆ ပမာဏကိုလဲ လင်းကန် မြင်လိုက်ရပါတယ်။ ဆရာမင်းသုဝဏ်ရဲ့ ကျေးဇူးတရားတွေကို ဆင်ခြင်ကြည့်မိရင်း ဦးခိုက်လိုက်မိပါ တယ်။ အခုလိုအချိန်မှာ ဆရာရဲ့ ရာပြည့်ကို အထိမ်းအမှတ်ပြုမိရင်း၊ ဖြစ်နိုင်ရင် – ဆရာမင်းသုဝဏ်ရဲ့ ရုပ်ပုံလွှာကားချပ်ကြီးရှေ့မှာ – သပြေညို ရွှေဘိုပန်းတွေကိုင်ပြီး ထပ်ဆင့် ဦးခိုက် လိုက်ချင်ပါတယ်၊